# ဗုဒ္ဓဝင်မြန်မာမင်စာများ

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မမှုယာ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် **"ဗုဒ္ဓဝင်မြန်မာမင်စာများ"**ကို အစဉ်အလာသဒ္ဒါနည်းဖြင့် လေ့လာထားသော ကျမ်းဖြစ်ပါသည်။ လေ့လာရာတွင် ဂေါတမဘုရားရှင်၏ အတ္ထုပ္ပတ္တိနှင့် ဘုရားမဖြစ်မီ ပါရမီဖြည့်ကျင့်ဆုတောင်းခဲ့ရသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်များကို အခြေခံထားပါသည်။ မြန်မာဘာသာစကားဖြင့် ရေးသားထားသော ဗုဒ္ဓဝင်မင်စာတို့ကို အခြေခံ၍ ပုဂံခေတ်မင်စာရေးထိုးသူတို့၏ ဘာသာရေးအတွေးအခေါ်နှင့် ဘာသာစကား၏ သဒ္ဒါစနစ်တို့ကို လေ့လာဖော်ပြလိုခြင်းဖြစ်ပါသည်။ ဗုဒ္ဓဝင်မြန်မာမင်စာများတွင် ရွေးချယ်ဖော်ပြထားသော အကြောင်းအရာ၊ စီစဉ်တင်ပြပုံ၊ စကားသုံးများနှင့် ဝါကျအတွင်းသဒ္ဒါစကားလုံးအသုံးများကို ဖော်ပြခြင်းဖြင့် မြန်မာသဒ္ဒါစနစ်ကို ပုံပေါ်စေရန် မြန်မာသဒ္ဒါရှုထောင့်မှ ဦးတည်လေ့လာထားပါသည်။ လေ့လာရာတွင် မိမိတွင် စုဆောင်းထားရှိပြီး ဗုဒ္ဓဝင်မင်စာများကို အခြေပြု၍ သမိုင်းသုတေသန၊ ရှေးဟောင်းသုတေသနတို့ဖြင့်လည်း ညှိနှိုင်းထားပါသည်။ ဗုဒ္ဓဝင်မြန်မာမင်စာများမှ နိုင်ငံ၏ ဘာသာ၊ သာသနာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များအဖြစ် တွေ့မြင်နိုင်ခြင်း၊ ဗုဒ္ဓဝင်ပန်းချီကားများမှ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု ထုံးဓလေ့များကို တွေ့ရှိနိုင်ခြင်း၊ မြန်မာဘာသာစကား၏ အခြေခံအုတ်မြစ်ကြီးများသဖွယ် စီးဆင်းလာသော ဗုဒ္ဓဝင်မင်စာများအဖြစ် အနိုင်အမာ တည်ရှိနေခြင်း စသည့်အချက်များကို တွေ့မြင်နိုင်ပါသည်။